
ရန်ကင်းကလေးဆေးရုံ


CHILDREN
HOSPITAL
ရန်ကင်းကလေးဆေးရုံ


ရန်ကင်းကလေးဆေးရုံ


YANKIN CHILDREN HOSPITAL (CARDIAC COMPLEX)

## ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း)ရန်ကုန်မြို့၏သမိုင်းအကျဉ်းချုပ်

ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး (ရန်ကင်း) ရန်ကုန်မြို့သည် အမှတ်(၉၀)၊ ကန်ဘဲ့၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်တွင် တည်ရှိပြီး အကျယ်အဝန်း မြေဧရိယာ (၉.၅)ဧက ပေါ်တွင် တည်ဆောက်ထားပါသည်။

ယခင် သတ္တုတွင်း ဝန်ကြီးဌာနရုံး အဆောက်အဦများကို ကျန်းမာရေး ဝန်ကြီးဌာနမှ (၁.၂.၂၀၁၀) ခုနှစ်တွင် လွှဲပြောင်း ရယူခဲ့ခြင်းဖြစ်ပြီး ရုံးအဆောက်အဦများအား Max Myanmar Group Of Companies မှဆေးရုံပုံစံ ပြန်လည် ပြုပြင်မွမ်းမံ၍ ဧရာဝတီ ဖောင်ဒေးရှင်းမှ လှူဒါန်းပေးခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကင်း ကလေးဆေးရုံကြီး အနေဖြင့် ၂၀၁၁ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် စတင်ဖွင့်လှစ်၍ လူနာများအား လက်ခံ ကုသမှု ပေးခဲ့ပါသည်။

ရန်ကင်း ကလေးဆေးရုံကြီးသည် ဗဟိုအဆင့် ဆေးရုံကြီးတစ်ရုံ ဖြစ်သည့်အပြင် ဆေးတက္ကသိုလ် (၂) ၏ လက်အောက်ခံ သင်ကြားရေး ဆေးရုံကြီးလည်း ဖြစ်သောကြောင့် ဘွဲ့ကြို ဆေးတက္ကသိုလ်နှင့် သူနာပြု ကျောင်းသူ/ သားများ၊ ဘွဲ့လွန်ကျောင်းသား ( Post Graduate ) များနှင့် အလုပ်သင်ဆရာဝန် ( House Officer ) များအား စာတွေ့လက်တွေ့ သင်ကြားပေးသော ဆေးရုံကြီးလည်း ဖြစ်ပါသည်။

ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံကြီး(ရန်ကင်း) ရန်ကုန်မြို့တွင် ပင်မအဆောက်အဦ( ၃ )လုံးရှိပြီး အရေးပေါ်နှင့် ပြင်ပလူနာကုဌာန ၊ အထွေထွေရောဂါကု( ကလေး ) ဌာန၊ ကလေးခွဲစိတ်၊ မွေးကင်းစ၊ ကလေးနှလုံးကုသ၊ ကလေးနှလုံးခွဲစိတ်၊ ဆီးနှင့်ကျောက်ကပ်ကုသဌာန၊ ကလေး အထူးကြပ်မတ်ကုသဌာန၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာန၊ ဓါတ်မှန်ဌာန၊ ဓါတ်ခွဲနှင့် သွေးလှူဘဏ်၊သွားနှင့်ခံတွင်း တို့သည် ၎င်းပင်မ အဆောက်အဦ (၃) လုံး၌ အသီးသီးတည်ရှိပါသည်။

| | |
|---|---|
| ဆေးရုံအုပ်ကြီးရုံးခန်း (ကြိုးဖုန်း) | - ၀၁-၃၅၅၀၆၇၉ |
| အရေးပေါ်နှင့် ပြင်ပလူနာဌာန (ကြိုးဖုန်း) | - ၀၁-၃၅၅၀၆၈၄ |
| ဖက်စ်နံပါတ် | - ၀၁-၃၅၅၀၆၈၉ |

# ပြင်ပလူနာပြသနိုင်သောအချိန်ဇယား


## (က)အထွေထွေရောဂါကုနှင့်အထူးကုပြင်ပလူနာအချိန်ဇယား

| နေ့ရက် / အထွေထွေရောဂါကု ပြင်ပလူနာ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| အထွေထွေရောဂါကု ပြင်ပလူနာ | 24 hours | 24 hours | 24 hours | 24 hours | 24 hours |
| ဆေးကုသဆောင်(၁) | | | 10:00 AM to 12:00 Noon (Follow up) | | |
| ဆေးကုသဆောင်(၂) | | 10:00 AM to 12:00 Noon (Follow up) | | 10:00 AM to 12:00 Noon (Follow up) | |

## (ခ) အထူးကုပြင်ပလူနာအချိန်ဇယား

| နေ့ရက် / အထူးကု ပြင်ပလူနာ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ကလေးခွဲစိတ် | 9:00 AM to 12:00 Noon 2:00 PM to 4:00 PM | 9:00 AM to 12:00 Noon 2:00 PM to 4:00 PM | 9:00 AM to 12:00 Noon 2:00 PM to 4:00 PM | 9:00 AM to 12:00 Noon 2:00 PM to 4:00 PM | 9:00 AM to 12:00 Noon 2:00 PM to 4:00 PM |
| ကလေးနှလုံးကုသဌာန | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | – | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM |
| ကလေးနှလုံးခွဲစိတ် | – | 9:00 AM to 12:00 Noon | | 2:00 PM to 4:00 PM | |
| ဆီးနှင့်ကျောက်ကပ် ကုသဌာန | | | | 9:00 AM to 12:00 Noon | 9:00 AM to 12:00 Noon |
| ART | | | 9:00 AM to 12:00 Noon (3rd & 4th week) | | |

| နေ့ရက် / အထူးကု ပြင်ပလူနာ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| မွေးကင်းစ | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM | 9:00 AM to 12:00 PM 2:00 PM to 4:00 PM |
| EPI (ကာကွယ်ဆေးထိုး) | | | 9:00 AM to 12:00 PM | | |
| သွားနှင့်ခံတွင်း | 9:00 AM to 12:00 PM | 9:00 AM to 12:00 PM | 9:00 AM to 12:00 PM | 9:00 AM to 12:00 PM | 9:00 AM to 12:00 PM |






CEELIN



## ပြည်သူလူထုထံသို့ အသိပေးလိုသောအချက်များ

ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး ( ရန်ကင်း ) ရန်ကုန်မြို့တွင် ဆေးရုံအခြေပြု အသက် ( ၅ ) နှစ်အောက် ကလေးများအား တိုးချဲ့ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက် (၉:၀၀) နာရီမှ နေ့လည် (၁၂:၀၀) နာရီအထိ လက်ခံထိုးနှံပေးလျှက် ရှိပါသည်။ အသက်(၅) နှစ်အောက် ကလေးငယ်များ တိုးချဲ့ ကာကွယ်ဆေး ထိုးနှံလိုပါက တယ်လီဖုန်းနံပါတ် (၀၉-၈၈၀၆၄၉၁၉၆)သို့ အပတ်စဉ် အင်္ဂါနေ့တွင်ဆက်သွယ်၍ ကြိုတင် Booking ယူနိုင်ပြီး၊ကလေးခွဲစိတ်လူနာ နှင့် သွားနှင့်ခံတွင်းလူနာများအား နေ့စဉ်ပြင်ပလူနာဌာနတွင်လာရောက်ပြသနိုင်ပါကြောင်း နှင့် ဆီးနှင့်ကျောက်ကပ်လူနာများကိုလည်း ကြာသပတေးနေ့နှင့်သောကြာနေ့များတွင် လာရောက်ပြသနိုင်ပါကြောင်းအသိပေးအပ်ပါသည်။

မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင်များအားလည်း နှလုံးပိုက်သွင်းကုသခြင်း (Cathete- rization Laboratory)ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ကုသမှုပေးလျှက်ရှိပြီး (၁.၈.၂၀၁၅) ရက်နေ့မှ စတင်ကာ (၃၁.၁၂.၂၀၂၃) ရက်နေ့အထိ နှလုံးပိုက်သွင်းကုသမှု စုစုပေါင်း (၁၆၀၉) ခု ပြုလုပ်ကုသမှုပေးခဲ့ပြီးဖြစ်ပါသည်။

နှလုံးပိုက်သွင်းကုသခြင်းနည်းဖြင့် ကုသ၍မရနိုင်သော မွေးရာပါကလေးနှလုံးရောဂါဝေဒနာရှင်များအား နှလုံးခွဲစိတ်ကုသဌာနမှ ပါမောက္ခ၊ ဆရာဝန်ကြီးများမှ နှလုံးခွဲစိတ်ကုသမှုပေးလျှက်ရှိပါသည်။ (၁.၁၁.၂၀၁၂) ရက်နေ့မှ စတင်၍ နှလုံးခွဲစိတ်ကုသမှု စုစုပေါင်း Major Operation (၂၃၀၇) Minor Operation (၉၃၆) ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။